# အောင်သာကုန်းကျေးရွာ
# ကင်းမြင်သာကျေးရွာအုပ်စု
# ဝန်းသိုမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း

## (၂၀၁၇–၂၀၂၁)



ပြုစုရေးဆွဲသူ

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**အောင်သာကုန်းကျေးရွာ၊ ဝန်းသိုမြို့နယ်**

(စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

12/23/2020

မာတိကာ

ခေါင်းစဉ် စာမျက်နှာ


မာတိကာ ၁

စကားချီး ၅

အောင်သာကုန်းကျေးရွာ **အရင်းအမြစ်ပြမြေပုံ၊** ဝန်းသိုမြို့နယ် ၇

အောင်သာကုန်းကျေးရွာ **ရာသီခွင်ပြ ပြက္ခဒိန်၊** ဝန်းသိုမြို့နယ် ၈


**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်**


(၁) နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက် ၉

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု ၁၀

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား ၁၀

( ခ) သဘာဝအရင်းအမြစ်များ ၁၀

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ ၁၁

( ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ၁၁

( ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု ၁၂

(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ ၁၃

( င) ကျန်းမာရေးနှင့် အာဟာရ ၁၄

( စ) ကျားမဆိုင်ရာ ဆက်နွယ်မှု ၁၄

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် ၁၅

( ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ ၁၅

( ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ၁၇

(ဃ) ရွှေ့ပြောင်းလုပ်သားများ ၁၈

( င) ကုန်စည်နှင့် ဝန်ဆောင်မှု ဈေးကွက် ၁၉

( စ)  ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း ၁၉
(ဆ) ပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု ၁၉
( ဇ)  ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၉
(ဈ)  အခြေခံ အဆောက်အဦများလက်လှမ်းမီမှု – လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊
သတင်းနှင့် ဆက်သွယ်ရေး ၂၁
(ည) လူငယ်နှင့် ယဉ်ကျေးမှု ၂၂
( ဋ)  တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး ၂၃
(၅)  ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊
အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၂၃
( ခ)  အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၂၃
(၆)  ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၄
(၇)  ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား ၂၅
အစီအစဉ်    ကျသော ချိတ်ဆက်မှုများ

(၈)  ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ
(က)  နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ၂၆
( ခ)  ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း ၂၇
( ဂ)  ဦးစားပေး စီမံချက်များ ၂၇
(ဃ)  အကောင်အထည်ဖော်မည့် အချိန်ကာလ ၃၀
(၉)  ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၃၁
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၃၂
(က)  ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ ၃၂
( ခ)  ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ ၃၂
( ဂ)  ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ ၃၂
(ဃ)  ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်
အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ၃၃
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၃
(က)  ကြီးကြပ်စစ်ဆေးခြင်း ၃၃
( ခ)  နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း ၃၅

( ၈)  နည်းပညာဆိုင်ရာ အကူအညီ ၃၆

**နောက်ဆက်တွဲ**

ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၃၇
ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း ၄၂
ရည်ညွှန်းချက်များ ၄၃
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၃ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ်လျှော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား **၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ**
ဇယား **၃၉ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ**
**ဇယား ၄၀ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ**
**ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု**
**ဇယား ၄၂ မူခင်းဖြစ်ပွားမှု အခြေအနေ**
**နောက်ဆက်တွဲ (၃)** ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ဇယား ၄၅ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ကိုးကားစာရင်း
**အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်** ၄၄
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တတ်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိ ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်း လမ်းများနှင့် လုပ်ထုံး လုပ်နည်း များကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီမံကိန်း ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောစီမံကိန်းကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက် များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင် အတွင်း ပြုပြင် ပြောင်းလဲမှု များ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤစီမံကိန်းတွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြု စီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အောင်သာကုန်းကျေးရွာ
ကင်းမြင်သာကျေးရွာအုပ်စု
ဝန်းသိုမြို့နယ်

# အောင်သာကုန်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဝန်းသိုမြို့နယ်

**ရည်ညွှန်း–** အောင်သာကုန်းကျေးရွာအရင်းအမြစ်ပြမြေပုံ – အောင်သာကုန်းကျေးရွာ၊ ကင်းမြင်သာကျေးရွာအုပ်စု၊ ဝန်းသိုမြို့နယ်တွင်ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာ သူ/ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။ (၂၀၁၇၊ နိုဝင်ဘာလ ၂၅ ရက်)



ကျေးရွာ အောင်သာယာ

ရာသီခွင်ပြ ပြက္ခဒိန်

| လ/ အလုပ်အကိုင် | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| အလုပ်အကိုင် | | | | | | | | | | | | |
| | $ နဲ | $ နဲ | $ သင့် | $ သင့် | $ နဲ | $ နဲ | $ နဲ | $ များ | $ များ | $ များ | $ နဲ | $ နဲ |
| | | | | | | | | | | | | |
| | | | မျိုးစေ့ကြဲ | | • | နှမ်း၊ အာလူး ပျိုးစိုက် | | | မြေပဲ အာလူးပဲ စိုက်ပျိုး | | | |
| | | | | | | | | | | | | |
| | သောက်ရေ တွင်းခမ်းမှု | | | သောက်သုံးရေတွင်းသို့ ရေနောက်များဝင်ရောက် | | | | | | | | သောက်ရေတွင်း ခမ်းမှု |
| | | ကျွဲ နွားနာ | နွား လျှာနာခြေနာ တက် | ဝမ်းပျက်ဝမ်းလျှော များ ဖျားနာခြင်းဖြစ် | | | | နှာစေး ချောင်းဆိုး | | | | |
| သီးနှံပိုးမွှားရောဂါ ကျရောက်မှု | | | | | ခေါင်းပုံ ပိုးကျ ပိုးများ ကျရောက် | နိုတို ရောဂါကျ ရောက် | သီးနှံဖြတ်ပိုးများ ကျရောက်တတ် | | | | | |
| | | | | | | | | | | | ရှင်ပြုနားသ အလှူတော် မင်္ဂလာများပြုလုပ် | |
| သဘာဝ ဘေးအန္တရာယ် | | မိုးသက် လေပြင်းကျ | | ရေကြီး ရေလျှံ ဖြစ်များ | | | | | | | | |

## အပိုင်း က

## ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

### (၁) နိဒါန်း

**(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်။** ။ ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေး လုပ်ငန်း အတွေ့အကြုံ များကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိ လာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည် ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤစီမံကိန်းတွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသော အချက်များနှင့် အဟန့် အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထား ပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများ နှင့် ငွေကြေး ရရှိနိုင် မည့် လမ်းကြောင်း များကို လည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများနှင့် လွှတ်တော်အား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့ အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်း များအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာ နှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်း ဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

**(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**။ ။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလ တစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြား အဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီ များကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှု ဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထု ပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုး ပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

**(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ**

**(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား။** ။ အောင်သာကုန်း ကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဝန်းသိုမြို့နယ်၏ အရှေ့တောင် ဘက်တွင်တည်ရှိပြီး ဝန်းသိုမြို့မှ(၄)မိုင်ခန့်ကွာဝေးပြီး ရွာ၏အရှေ့လက်တွင် အင်ခုံကျေးရွာနှင့် ရွာ၏မြောက်ဘက်တွင် ခပ်ချိုကျေးရွာများတည်ရှိကြပြီး ရွာ၏အနောက်မြောက်ဘက်တွင် အာမခံ-ဂျိုးတောင် ကျေးရွာချင်းဆက်လမ်းမကြီးတည်ရှိပါသည်။

**(ခ) သဘာဝအရင်းအမြစ်များ ။** ။ကျွန်တော်တို့အောင်သာကုန်းရွာအနီးတွင် သဲကျောက်၊ ကျောက်စရစ်များ အများအပြားရရှိနိုင်ပြီး ဆေးဘက်ဝင်အပင်များနှင့် သဘာဝတိရိစ္ဆာန် မျိုးစိတ်များလည်း အနည်းငယ် တွေ့ရှိရပါသည်။ ကျွဲနွားတိရိစ္ဆာန် စားကျက်များလည်း ရှိပါသည်။ ကျောက်၊ သဲ၊ ကျောက်စရစ်များ ၊ ချောင်း၊မြောင်းများ သဘာဝများရှိပါသည်။

**(၃) လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ**

(က) လူဦးရေဆိုင်ရာအချက်လက်များ။ ။ ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြ ပါသည်။ အိမ်ထောင်စု(၄၂)အိမ် (၁)နှစ်အောက်နို့စို့ကလေးအရွယ် ကျား(၁)၊(၁)နှစ်မှ (၄)နှစ်အရွယ် ကျား(၉)မ(၆) ပေါင်း(၁၅)ယောက်၊(၅)နှစ်မှ(၉)နှစ် မူလတန်းကျောင်းသားအရွယ် ကျား(၁၁)မ(၈) ပေါင်း(၁၉)ယောက်၊(၁၀)နှစ်မှ (၁၄)နှစ် အလယ်တန်းကျောင်းသားအရွယ် ကျား(၈)မ(၁၀)ပေါင်း (၁၈)ယောက် ၊(၁၅)နှစ်မှ (၆၄)နှစ် အလုပ်လုပ်နိုင်သည့် အရွယ်ကျားကျား(၆၉)မ(၅၉)ပေါင်း (၁၂၈)ယောက်နှင့် (၆၅)နှစ်အထက် ကျား(၅)မ(၄)ပေါင်း(၉)ယောက်တွေ့ရှိရပါသည်။

**(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ။** ။ကျွန်တော်တို့ရွာ၏ လယ်ယာစိုက်ပျိုးရေးသည် မိုးရွာမှမိုးရေကို စိုက်ပျိုးရေအဖြစ် အဓိကအသုံးပြုကြသည့်

လယ်ယာများဖြစ်ကြပါသည်။ မိုးရာသီမှလွဲ၍ နွေနှင့် ဆောင်းရာသီများတွင် ချောင်းကိုအမှီပြု၍ ဆည်ပိတ်ပြီး ရေသွင်းစိုက်ပျိုးကြသည့် လယ်ကေ(၁၈၀)ခန့်ရှိပါသည်။ ကျွန်တော်တို့ကျေးရွာတွင် လယ်ယာလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး မွေးမြူရေးလုပ်ငန်းများသည် တစ်နိုင်တစ်ပိုင်အဖြစ်မွေးလေ့ရှိပါသည်။ ဥပမာ-ကျွဲ၊နွား၊ ဝက်၊ ကြက်၊ ဘဲ တို့ဖြစ်ပါသည်။ အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ရောင်းဝယ်ရေး၊ သတ္တုတူးဖော်ရေး၊ထုတ်ကုန်၊ ပညာရေး၊ ကျန်းမာရေး)စသည့် အလုပ်များလုပ်ကိုင်သူ အနည်းငယ်ရှိပါသည်။

ကျေးရွာ၏အခြေအနေကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင်ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့် ခွဲခြားမှုနည်းလမ်းအရ အဆင်ပြေသော အိမ်ထောင်စု(၉)အိမ်၊ အလယ်လတ်ရှိသော အိမ်ထောင်စု (၁၂)အိမ်နှင့် မပြေလည်သောအိမ်ထောင်စု(၁၉)အိမ်ထောင်စုရှိကြပါသည်။ မြေယာပိုင်ဆိုင်မှု (၁၀)ကေ အထက်ရှိခြင်း၊ ငွေတိုးချေးစားခြင်း၊ အိမ်ကြီး အိမ်ကောင်းများနှင့် နေထိုင်ကြခြင်း၊ လယ်ယာသုံးကိရိယာများဖြစ်သည့် လက်တွန်းထွန်စက်များ ပိုင်ဆိုင်ကြသူများ သည် အဆင်ပြေသောအိမ်ထောင်စုများဖြစ်ကြပြီး မြေယာပိုင်မှု မရှိခြင်း အိမ်အခြေနေ မကောင်းသည့် အိမ်ထောင်စုများသည် အဆင်မပြေသော အိမ်ထောင်စုများဖြစ် ကြပါသည်။

စိုက်ပျိုးမြေပိုင်ဆိုင်မှုအနေအထားသည် စီးပွားရေးအဆင့်အတန်းနှင့် ဆင်းရဲချမ်းသာမညီမျှမှု အချက်အလက်များကို ဖော်ပြပါသည်။ ကျေးရွာ၏ ၂၆%သည် မြေယာမဲ့များဖြစ်ပြီး ၅ကေအောက် မြေယာပိုင်ဆိုင်သူ(၂၁%)နှင့် ၅ကေအထက်ပိုင်ဆိုင် ၄၃%ရှိ ကြပြီး အလယ်အလတ်စား တောင်သူများ ဖြစ်ပါသည်။ ၁၂.၅ကေအထက် ပိုင်ဆိုင်သူ(၁၀%) ရှိပါသည်။

(ဂ) **ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်နစ်နာလွယ်မှု ။** ။ စားနပ်ရိက္ခာဖူလုံမှုစစ်တမ်းအရ ဆင်းရဲသော အိမ်ထောင်စု(၇)အိမ် ရှိသည့်အနက်၃နှင့် ၆လကြား ဝမ်းစာဖူလုံမှုအခြေအနေရ ချေးယူသုံးစွဲရမှုရှိသော်လည်း ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ပါသည်။ အခြားအစားအသောက် ပြောင်းလဲစားရခြင်းနှင့် အစာလျှော့စားရခြင်းများမရှိပါ။ ဆွေမျိုး(သို့)မိတ်ဆွေများနှင့် အစိုးရဘဏ်များမှ အထောက်အပံယူခြင်း ချေးယူခြင်းဖြင့် အသုံးပြုကြပါသည်။

ကျွန်တော်တို့အောင်သာကုန်းကျေးရွာတွင် လယ်ကေ ၁၈၀ ကေနှင့် ယာမြေ ၅၉.၉ ကေရှိပါသည်။ မြေဆီလွှာ အရည်အသွေးကောင်းမွန်မှုမရှိခြင်းကြောင့် စပါးအထွက်နှုန်း မကောင်းကြောင်းပါ။ တစ်နှစ်တွင် တမျိုးသာအဓိကထား စိုက်ပျိုကြရပြီး မြေပဲနှင့် နှမ်း တို့အား စိုက်ပျိုးသူ အနည်းငယ်ရှိပါသည်။ မျိုးကောင်းမျိုးသန့်နှင့် စိုက်ပျိုးရေးနည်းစနစ် မြေဩဇာသုံးစွဲမှု အားနည်းနေမှုကြောင့် အထွက်နှုန်း လျော့ကျခြင်းများရှိပါသည်။ကျေးရွာများတွင် စပါးအထွက်နှုန်း အားဖြင့် တစ်ကေလျှင် အနည်းဆုံး(၅၀)တင်းမှ အများဆုံး (၈၀)ထိ သာထွက်ရှိကြ ပါသည်။

ကျွန်တော်တို့ကျေးရွာတွင် မြေတိုးချဲ့စိုက်ပျိုးရန် မြေလွတ်မြေလပ်မရှိခြင်းကြောင့် လယ်မြေလုံလောက်မှုမရှိခြင်းများ ရှိပါသည်။စိုက်ပျိုးရေးဌာန၏ ကွင်းဆင်းဟောပြောမှုများ နှင့် မျိုးကောင်းမျိုးသန့် လိုအပ်ပါသည်။

ကျွန်တော်တို့ရွာတွင် အမျိုးသမီးများ ဦးဆောင်ပြီး ဆင်းရဲသည့် အိမ်ထောင်စုများ နည်းပါးပြီး ကျေးရွာအတွင်း ကူးစက်ရောဂါ ဖြစ်ပွားမှုများမတွေ့ရှိရပါ။

**(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျောင်းစာသင်ကြားရေးအတွက် မြို့ရွာ၏ပညာရေးမှာ အလွန်မှေးမှိန်လွန်းလှပါသည်။ ရွာသူ/ရွာသားများသည် မူလတန်းကျောင်းထွက်ဦးရေ ပိုများလှပါသည်။ စာမတတ်သူဦးရေများ လည်းအနည်းငယ်ရှိပါသည်။ ဘွဲ့ရပညာတတ် အလွန်နည်းပါးလှပါသည်။ ကျေးရွာတွင်စာသင်ကျောင်းမှရှိသည့် အတွက် ခပ်ချိုကျေးရွာသို့ သွားရောက်သင်ကြားရသည့်အတွက် အခက်အခဲကြုံတွေ့ရပါသည်။ ကျောင်းသား မိဘများမှာ နေ့စား၊ ကျပန်းအလုပ်လုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်းသူများဖြစ်ရာ သားသမီး၏ ပညာရေးကို လှည့်မကြည့်နိုင်သောကြောင့် ကျောင်းသား/သူများမှာ ရွာကျောင်းအတန်းပြီးလျှင် ကျောင်းထွက်ကြရပြီး မိဘများ၏အလုပ်ကို ဝိုင်းဝန်းလုပ်ကိုင်ပြီး အသက်မွေးဝမ်းကျောင်း ပြုရပါသည်။ အထက်တန်း၊ တက္ကသိုလ်ထိ ကျောင်းနေသူ အလွန်နည်းပါးလှပါသည်။ ကျွန်တော်တို့ရွာနှင့် အထက်တန်းကျောင်းမှာ ကျေးရွာနှင့် (၂)မိုင်ခန့် ဝေးသော ကင်းမြင်သာ ကျေးရွာ(သို့)ဝန်းသိုမြို့သို့ အထက်တန်း ကျောင်းပညာကို သွားရောက်စာသင်ရပါသည်။ ထို့ကြောင့် ကျွန်တော်တို့ရွာတွင် ဘွဲ့ရပညာတတ် အလွန်နည်းပါးပါသည်။ ကျွန်တော်တို့ အောင်သာကုန်းကျေးရွာတွင် ကျား(၅)ဦး၊ မ(၅)ဦး ၊အလယ် တန်း ကျား(၆)ဦး၊ မ(၈)ဦး၊ အထက်တန်းတွင် ကျား(၃)ဦး၊ မ(၅)ဦးနှင့် တက္ကသိုလ်ကောလိပ် တက်ရောက်သူ မ(၁)ဦးသာ ရှိပါသည်။ ကျောင်းများတွင် ပညာသင်ကြားနေသော အချိုးနှုန်းမှာ အလွန်နည်းပါးပါသည်။ ပညာရေးကိုဦးစား မပေးနိုင်ခြင်းသည် မိဘများ၏ဥစ္စာခနေမပြည့်စုံမှု၊ လမ်းပန်းဆက်သွယ်ရေး အဆင်မပြေမှု၊ ငယ်စဉ်ကတည်းက ပညာသင်ယူလိုစိတ် နည်းပါးမှုနှင့် ကျောင်းနေမပျော်ခြင်းတို့ကြောင့် ဖြစ်သည်။

**(င) ကျန်းမာရေး နှင့် အာဟာရ။** ။ ကျွန်တော်တိုရွာတွင် မိုးဦးရာသီအပြောင်း၌ သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါအနည်းငယ် ခံစားရသည်။ ကျေးရွာတွင် ဝမ်းပျက်ဝမ်းလျော ရောဂါ၊ HIVရောဂါ၊တီဘီရောဂါစသည့် ရောဂါများ ဖြစ်ပွားမှုနည်းပြီး သွေးတိုးရောဂါဖြစ်ပွားသူ များကြောင်းတွေ့ရှိရပါသည်။

**(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု။ ။** ။ ကျွန်တော်တို့အောင်သာကုန်းကျေးရွာတွင် အမျိုးသမီး များသည် ဘာသာရေး၊ သာသနာရေး ကိစ္စရပ်များတွင် ချက်ပြုတ်၊ဧည့်ခံရေးလုပ်ငန်းများ၌ တက်ကြွစွာပါဝင် ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် အမျိုးသမီးများသည် သံသယဖြစ်ဖွယ် အကြမ်းဖက်မှုများ မတွေ့ရှိရပါ။ အမျိုးသမီး များသည် ဘဝကိုကျပန်းလုပ်ကိုင်စား သောက်မှု ၊အိမ်မှုကိစ္စ၊သား/သမီးများ၏ ကိစ္စအဝဝကိုသာ အာရုံစိုက် နေရပါသည်။ လူလွတ်အမျိုးသမီးများ မှာလည်း စားဝတ်နေရေးနှင့် မိသားစု တာဝန်များ ကို ထမ်းဆောင်ရင်း ကျပန်းလုပ်ကိုင် စားသောက်မှု၊ အိမ်မှုကိစ္စအဝဝကိုသာ အာရုံစိုက် နေရပါ သည်။ ကျေးရွာတွင် ကျားမ ခွဲခြားဆက်ဆံခံရခြင်း များ မရှိပါ။

**(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ**

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်း များ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ် အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူပြုနိုင်ပါသည်။

**(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်။** ။ကျွန်တော်တို့ရွာ၌ သာရေး၊ နာရေး၊ လူမှုရေးကိစ္စအဝဝများနှင့် ရပ်ရွာကောင်းကျိုးများကို လူငယ်အမျိုးသား၊ အမျိုးသမီး: ရပ်မိ/ရပ်ဖများမှဦးဆောင်၍ လူငယ်အဖွဲ့များမှ ဝိုင်းဝန်းဆောင်ရွက်ပေးကြသည်။ ဘာသာရေးကိစ္စများတွင် ဂေါပကများမှ ဦးဆောင်၍ တက်ညီ လက်ညီနှင့် တစ်ရွာလုံး ဆောင်ရွက်ကြသည်။ကျေးရွာတွင် အရန်မီးသတ်တပ်ဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့များသည် ရပ်ရေးရွာရေးကိစ္စများတွင် တပ်အားသရွေ့တက်ကြွစွာပါဝင်ဆောင်ရွက်ကြပါသည်။

**(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ။** ။ကျေးရွာရှိ လယ်မြေ အားလုံးသည် မိုးကိုမျှော်၍ စိုက်ပျိုးကြရသည်။ထို့ပြင် မိုးရွာမှမိုးရေကိုသာ စိုက်ပျိုးရေအဖြစ်သုံးလေ့ရှိပါသည်။ မြေဆီလွှာ ပျက်စီးမှု အနည်းငယ်ရှိပါသည်။ထို့ကြောင့် ကျေးရွာစပါး အထွက်နှုန်းမှာ ထင်သလောက်မထွက်ပဲ အထွက်နည်းကြောင်း တွေ့ရှိရပါသည်။ စိုက်ပျိုးရေး နည်းပညာ မရှိသောကြောင့် နှင့် စိုက်ပျိုးရေးအသိပညာပေးဟောပြောခြင်းများ ပြုလုပ်ရန်လိုအပ်ပါသည်။ထို့ပြင် မျိုးကောင်းမျိုးသန့် ပြောင်းလဲစိုက်ပျိုးနိုင်ပါက သီးနှံအထွက် တိုးမည်ဖြစ်ပါသည်။

ကျွန်တော်တို့ရွာသည် ကျွဲ၊နွားကို ခိုင်းစေရန် အတွက် မွေးမြူကြပြီး နို့ရောင်းချရန်နှင့် အသားရောင်းချရန် မွေးမြူသူမရှိပါ။ ကြက်၊ဝက်ကို စီးပွားဖြစ်မွေးမြူသူ မရှိပဲ စိုက်ပျိုးရေးနှင့် တွဲဖက်၍ တနိုင်တပိုင်သာ မွေးမြူကြပါသည်။ ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စု ရှိပါသည်။ မွေးမြူရေးလုပ်ကိုင်သူများမှာ ကောင်းမွန်သော နည်းပညာမရှိခြင်းကြောင့် အသေ

အပျောက်များရှိပြီး ဆုံးရှုံးမှုများရှိပါသည်။ မွေးမြူရေးဌာနမှ မျိုးနှင့် သက်ဆိုင်သော အသိပညာပေးခြင်းများနှင့် မွေးမြူရေးနည်းစနစ်များ အသိပညာပေးခြင်းများ ဆောင်ရွက်ပေးပါက စီးပွားဖြစ်မွေးမြူလိုသူများ စီးပွားရေးအခွင့်အလမ်း တိုးတက်လာမည်ဖြစ်ပါပြီး မွေးမြူရေး ချေးငွေများ ရရှိပါက ပိုမိုတိုးတက်လာမည်ဖြစ်ပါသည်။

ကျွန်တော်တို့ရွာတွင် စပါးရိတ်စက်၊ ရိတ်သိမ်းခြွေလှေ့စက်နှင့် တစ်ခြား ခေတ်မီသည့် စက်ကိရိယာများကို ငွေကြေးအင်အား မတတ်နိုင် သဖြင့် ရွာသူရွာသားတိုင်း မဝယ်ယူနိုင်ပါ။ ကျေးရွာတွင် ထွန်စက်(၁)လုံး၊ လက်တွန်းထွန်စက်(၅)လုံးနှင့် ခြွေလှေ့စက် (၁)လုံးနှင့် ရေစုပ်စက်(၈) လုံးသာရှိပါသည်။တောင်သူများသည် စိုက်ပျိုးချိန် ရိတ်သိမ်းချိန်များတွင် အလှည့်ကျစနစ်ဖြင့် စောင့် ဆိုင်းငါ့ားရမ်း၍ ရိတ်သိမ်းကြရပါသည်။ရေစုပ်စက်များကို လူအနည်းစု သာအသုံးပြုကြသည်။

ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုလည်း အစိုးရမှထုတ်ပေးသော ဝန်ဆောင်မှုသာရှိပါသည်။ သဘာဝ မြေဆွေးနှင့်အော်ဂဲနစ် မြေသြဇာများ၊ ဓါတုပိုးသတ်ဆေးများလည်း ဝယ်ယူနိုင်ပါသည်။ ကျွန်တော် တို့ရွာသည် လုပ်သား၊ ငွေကြေးဝန်ဆောင်မှု နှင့်သီးနှံမျိုးစေ့ရရှိနိုင်မှု အလွယ်တကူ ရရှိနိုင်ပါက စီးပွားရေးအဆင်ပြေသောရွာတစ်ရွာ ဖြစ်လာနိုင်ပါသည်။ စိုက်ပျိုးရေးဘဏ်များမှ ချေးငွေများရနိုင်သော်လည်း တောင်သူများလိုအပ်သည့်စိုက်ချိန်တွင် အချိန်မှီချေးငွေမရပါ။ သီးနှံမျိုးစေ့များ ရနိုင်သော်လည်း လိုအပ်သည့်အချိန်များတွင် အချိန်မှီမရနိုင်ခြင်း၊ ငွေအရင်းအနှီးမရှိခြင်းတို့ကြောင့် အခက်အခဲ များကြုံနေရပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ။ ။ ။**

ကျွန်တော်တို့နမလင်ကျေးရွာတွင် ကောက်စိုက်ခြင်း၊ပျိုးနုတ်ခြင်း လုပ်ငန်းများတွင် နေ့စားကျား (၄၅၀၀/-)ကျပ်နှင့် နေ့စား(မ) (၄၀၀၀/-)ခန့်ရရှိကြပြီး ဆောက်လုပ်ရေး၊လက်သမား၊ပန်းရံလုပ်ငန်း နေ့စားကျားတစ်ဦး(၅၀၀၀/-)ကျပ်နှင့် နေ့စား(မ) (၃၀၀၀/-)ရရှိကြပါသည်။ အနီးနားမှ အလုပ်အကိုင်ရှားပါးလျှင် အလုပ်ရနိုင် သောနေရာဒေသများသို့ သွားအလုပ်လုပ်ကြရသည်။

အလုပ်ကိုင်အခွင့်အလမ်း ရှားပါးပါသည်။ စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အခြားအသက် မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်သူများအတွက် လုပ်သားအင်အားရရှိနိုင်မှု နည်းပါးပါသည်။ ကျေးရွာတွင် ဝါးဖြင့် ပြုလုပ်သော ခမောက်ရက်လုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စု(၁၅) စုခန့်ရှိပါသည်။ယခင်က အိမ်ခြေအများအပြား လုပ်ကိုင်ကြသော်လည်း ယခုအခါ

သစ်တောပြုန်းတီးပြီး ဝါးရှားပါးလာခြင်းကြောင့် လုပ်ကိုင်သူ အနည်းငယ်သာရှိပါတော့သည်။အချို့အိမ်ထောင်စုများမှာလည်း အုတ်ဖုတ်ခြင်းလုပ်ငန်းရှိရာနေရာသို့ သွားရောက် လုပ်ကိုင်ကြသည်များလည်း ရှိပါသည်။

လယ်ယာနှင့်သားငါးထွက်ကုန်မဟုတ်သော အခြားဒေသထွက်ကုန်များကို ရောင်းချ ရန် လမ်းပန်းဆက်သွယ်ရေးကောင်းသော်လည်း ဈေးကွက်ဆိုင်ရာ အသိအမြင်များလည်း ကောင်းစွာနားလည်နိုင်ခြင်းမရှိခြင်း ကုန်ကြမ်းရရှိမှုမရှိခြင်းများကြောင့် အခွင့်အလမ်းများ နည်းပါးနေရပါသည်။ချေးငွေများ အစိုးရစိုက်ဘဏ်ချေးငွေနှင့် သမချေးငွေများရရှိသော်လည်း ပြင်ပအဖွဲ့အစည်းနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများမှ ချေးငွေများ မရရှိသည့်အတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများလုပ်ကိုင်သူများအတွက် ချေးငွေများ လည်း ကျွန်တော်တို့ ရွာသားများ လိုအပ်နေပါသည်။ ကျွန်တော်တို့ရွာ၏ စိုက်ပျိုးမွေးမြူရေး မဟုတ်ဘဲ ကြုံရာဖြင့် အသက်မွေးဂမ်းကျောင်း ပြုနိုင်သော ပညာတစ်ခုခုကို တတ်မြောက်ခြင်း မရှိကြသဖြင့် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးကြပါသည်။

**(ဃ) ရွှေ့ပြောင်းလုပ်သားများ။** ။ကျွန်တော်တို့အောင်သာကုန်းကျေးရွာတွင် မိုးတွင်းကောက်စိုက်ချိန်နှင့် စပါးရိတ်ချိန်များတွင် အလုပ်အကိုင်ရှိပြီး ဆောင်းတွင်းမှစ၍ နွေရာသီအထိ လုပ်စရာအလုပ်မရှိပါ။ လူငယ်၊လူရွယ်များသည် ရွာအနီးတွင်အလုပ် အလွန်ရှားပါးလှသဖြင့် မိသားစုစားဝတ်နေရေးအတွက် ပိုမိုကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်း ရှာဖွေရန်အတွက် ဇန်းမောက်မြို့သို့ ရွှေကျင်ခြင်း၊ရွှေမော်လုပ်ငန်း လုပ်ကိုင်ရန် သွားရောက် အလုပ်လုပ်ရသူများလည်းရှိပါသည်။ ကျေးရွာတွင် အဝေးနေရာသို့ သွားရောက် လုပ်ကိုင်နေသောသူထံမှ ပြန်ပို့ငွေကို မှီခိုနေသော အိမ်ထောင်စု(၂၀)အိမ်ရှိပါသည်။ (၁)လတစ်ကြိမ် မိသားစုထံသို့ ဘဏ်(သို့) လူကြုံများဖြင့် တဆင့်ငွေပို့ကြရသည်။ ရပ်ဝေးသို့ အလုပ်လုပ်ကိုင် သူများအား စားဝတ်နေရေး ပြေလည်ရုံသာမှီခိုကြရပြီး ပိုလျှံမှုမရှိပါ။

**(င) ကုန်စည် နှင့် ဝန်ဆောင်မှု ဈေးကွက်။** ။ ကျွန်တော်တို့အောင်သာကုန်းကျေးရွာနှင့် အနီးဆုံးဈေးမှာ ကင်းမြင်သာဈေးဖြစ်ပြီး ကျေးရွာနှင့်(၂)မိုင်ကွာဝေးပါသည်။ ကုန်စည်နှင့် ဝန်ဆောင်မှုရရှိနိုင်မှုမှာ လိုအပ်သည့် ပစ္စည်းများ ကျေးရွာတွင် အလွယ်တကူမရနိုင်ပါ။ ဝန်းသိုဈေးနှင့် ကောလင်းဈေးတွင်လည်း သွားရောက် ဝယ်ယူသူ အချို့လည်းရှိပါသည်။ ဝန်းသိုဈေးမှာ ကျေးရွာနှင့် (၄)မိုင်ခန့်ဝေးပြီး ကောလင်းဈေးမှာ (၈)မိုင်ခန့်ကွာဝေးသော်လည်း ကုန်ပစ္စည်း အမျိုးမျိုး ရရှိနိုင်ပါသည်။ ဈေးအခြေခံအဆောက်အဦးမှာဈေးအခြေခံ အဆာက်အဦးမှာ အသင့်တင့်ရှိပါသည်။ သယ်ယူပို့ဆောင်ရေးနည်းမှာ ကား၊ဆိုင်ကယ်၊သုံးဘီးဖြင့် ပစ္စည်း များကို သယ်ယူရပါသည်။

ကျွန်တော်တို့ရွာမှ ထွက်ရှိသော ကုန်ကြမ်းများကို အကြီးဆုံးဈေးသို့ ရောင်းချနိုင်လျှင် အမြတ်စွန်းများပို၍ ရနိုင်သော်လည်း ဈေးနှုန်း မမှန်ကန်မှုနှင့် လိုသလောက်မရောင်းချနိုင်မှုများရှိပါသည်။

**(စ) ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း။** ။ ကျွန်တော်တို့ကျေးရွာရှိ တောင်သူ လယ်သမားများကို မြန်မာ့စိုက်ပျိုးရေးဘဏ်နှင့် သမဝါယမ ချေးငွေများ ရရှိပါသည်။ အတိုးနှုန်း မှာ (၂%)သာဖြစ်ပါသည်။ လယ်ဂရန်များကို အပေါင်ခံ ပစ္စည်း အဖြစ် ယူဆောင် သွားရသည်။ ပြန်ဆပ်ရမည့်ကာလမှာ ၃လမှ ၆လအတွင်းကာလကို ဆပ်ရမည် ဆိုသော် လည်း တောင်သူများ၏ အခက်အခဲကြောင့် နောက်ကျမှဆပ်နိုင်ကြပါသည်။ ချေးငွေရရှိသော်လည်း ချေးငွေလိုသလောက် မရရှိနိုင်သော ပြဿနာများလည်းရှိပါသည်။ လိုသလောက်မရရှိကြသဖြင့် အပေါင်ဆိုင်များ ဆွေမျိုးများနှင့် ငွေချေးပေးသူတို့ထံတွင် အပေါင်ပစ္စည်း ပေး၍ အတိုးနှုန်း မြင့်မားစွာဖြင့် ချေးယူကြရပါ သည်။

**(ဆ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု။** ။ ကျွန်တော်တို့ရွာသည် ဓါတ်ငွေ့၊ရေနံ၊ကျောက်မျက်ထွက်ရှိမှုမရှိပါ။သဲ၊ကျောက်နှင့် ကျောက်စရစ်များအား ကျေးရွာအနီး တွင် အများအပြားရရှိနိုင်ပြီး ဆေးဖက်ဝင်အပင်များကိုလည်း အနည်းငယ်တွေ့ရှိရပါသည်။ သဘာဝတောရိုင်းတိရိစ္ဆာန်မျိုးစိတ်များ အသင့်တင့်တွေ့ရှိရပါသည်။

ကျေးရွာရှိ လယ်မြေများနှင့် ပတ်သက်ပြီး မြေအမျိုးအစားသည် သဲမြေဖြစ်သည့် အတွက် ဓါတ်မြေသြဇာလုံလောက်စွာ သုံးစွဲနိုင်ပါက စပါးအထွက်တိုးလာမည်ဖြစ်သော်လည်း ငွေကြေး အခက်အခဲကြောင့် ဓါတ်မြေသြဇာလုံလောက်စွာ သုံးစွဲနိုင်ခြင်းမရှိပါ။ စပါးအဖျက်ပိုးများ ကို ကာကွယ်ရန်အတွက် ဆေးဝါးများကို လုံလောက်စွာသုံးစွဲနိုင်ခြင်း မရှိသည့် အတွက် အခက်ခဲကြုံတွေ့ရပါသည်။

**(ဇ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။** ။ ကျွန်တော်တို့ အောင်သာကုန်းကျေးရွာတွင် စာသင်ကျောင်း မရှိပါ။ရွာအနီးရှိ ခပ်ချိုကျေးရွာ မူလွန်စာသင် ကျောင်းတွင် သွားရောက်ပညာသင်ကြားရပါသည်။အလယ်တန်းအား ကင်းမြင်သာကျေးရွာတွင် သွားရောက်သင်ကြားကြရပါသည်။ ကျေးရွာတွင် စာသင်ကျောင်းမရှိသည့် အတွက် အခြားကျေးရွာသို့ ပညာသင်ကြားရခြင်း ပညာသင်စရိတ် ကုန်ကျခြင်းများသည့်အတွက် မူလတန်းကျောင်းထွက်ဦးရေ များပြားပါသည်။ထို့ကြောင့် ကျေးရွာတွင် စာသင်ကျောင်း ဖွင့်လှစ်ခွင့်ရရှိမည်ဆိုပါက ကျေးရွာ၏ ပညာရေးတိုးတက် ပိုမိုကောင်းမွန်လာမည်ဖြစ်ပါသည်။

ကျေးရွာအတွက် ကျွန်တော်တို့ကျေးရွာသည် ကျေးလက်ကျန်းမာရေးဌာနခွဲသို့ သွားရောက်ကုသမှု ခံယူကြရပါသည်။ကျေးလက်ကျန်းမာရေးဌာနခွဲသည် ကင်းမြင်သာကျေးရွာတွင် ရှိပြီး ကျေးရွာနှင့် (၂)မိုင်ခန့် ကွာဝေးပါသည်။ကျေးရွာတွင် အရန်သားဖွားဆရာမ(၁)ဦးရှိပါသည်။ ဂျိုးတောင်တိုက်နယ်ဆေးရုံမှာ ကျေးရွာနှင့် (၆)မိုင်ခန့် ဝေးပြီး မြို့နယ်ဆေးရုံနှင့် (၄)မိုင်ကျော် ကွာဝေးပါသည်။အများအားဖြင့် မြို့နယ်ဆေးရုံတွင် သွားရောက်ကုသခံယူသူများပါသည်။

ကျွန်တော်တို့ရွာသည် ရေတွင်း(၈)တွင်းနှင့် တုံကင်(၁)တွင်းရှိပါသည်။ ထို့ပြင်(န.တ.လ)ရန်ပုံငွေဖြင့် စက်ရေတွင်း(၁)တွင်း၊ရေစုကန်(၁)ကန် အား ဆောင်ရွက်ထားပြီးဖြစ်၍ ကျေးရွာအတွက် သောက်သုံးရေလုံလောက်မှု ရှိပါသည်။

ကျေးရွာသူ/သားများအားလုံးနီးပါသည် ယင်လုံအိမ်သာများကိုသာ အသုံးပြုနေကြသော်လည်း အိမ်သာမရှိသည့် (၄)အိမ်ခန့်မှာ အိမ်နားနီးချင်းအိမ်သာများတွင် စုပေါင်းအသုံးပြုကြပါသည်။

**(ဈ) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်း နှင့် ဆက်သွယ်ရေး) ။** ။ ကျွန်တော်တို့ရွာသည် ရွာတွင်းလမ်းသည် မြေသားလမ်း ဖြစ်သည့်အတွက် နွေနှင့်ဆောင်းရာသီများတွင် အဆင်ပြေသော်လည်း မိုးရာသီတွင် သွားလာရ ခက်ခဲပါသည်။ အောင်သာကုန်းနှင့်ခပ်ချိုကျေးရွာချင်းဆက်လမ်းများ အသင့်တင့်ကောင်းမွန် သော်လည်း မိုးရာသီတွင် သွားရေးလာရေးခက်ခြမှုများရှိသဖြင့် ကျောက်ချောလမ်း အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးပါကရာသီမရွေးသွားလာရလွယ်ကူမည်ဖြစ်ပါသည်။ ကျေးရွာအတွင်းရှိ တံတားများမှာ ကောင်းမွန်မှုရှိပါသည်။

ကျွန်တော်တို့ရွာ၏ သယ်ယူပို့ဆောင်ရေးစနစ်မှာ စက်ဘီး၊ဆိုင်ကယ်၊ကားနှင့် သုံးဘီးများကိုသာ အများဆုံး အသုံးပြုပါသည်။မော်တော်ဆိုင်ကယ်အသုံးပြုသူပိုမိုများပြားပါသည်။

ကျွန်တော်တို့ရွာ၏ လျှပ်စစ်မီးရရှိမှုအခြေအနေမှာ ကျေးရွာတွင် မဟာဓါတ်အားလိုင်း ရရှိပြီ ဖြစ်ပါသည်။။။ကျွန်တော်တို့ရွာတွင် ဆက်သွယ်ရေးတွင် ဖုန်း(၆၄)လုံးရှိပြီး ရေဒီယို(၂)လုံး၊ တီဗွီ(၂)လုံးနှင့် PSI စလောင်း(၁၅)လုံး ပိုင်ဆိုင်ကြပါသည်။

**(ည) လူငယ် နှင့် ယဉ်ကျေးမှု။** ။ ကျွန်တော်တို့ကျေးရွာ လူငယ်များသည် ကျေးရွာ၏ ဘာသာရေးနှင့် လူမှုရေးပွဲများတွင် ထင်းခွေ၊ရေခပ်၊ဧည့်ခံကျွေးမွေးရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာလူငယ်များသည် ရိုးရာယဉ်ကျေးမှုကို အလေးထားသူများဖြစ်ကြပါသည်။ ရိုးရာပွဲတော်၊ ဘာသာရေးပွဲတော်များကို အလေးထား ဆောင်ရွက်ကြပါသည်။ လူမှုရေးလုပ်ငန်းများတွင် လူငယ်အဖွဲ့စည်းများ တက်ညီ လက်ညီ

ပါဝင်ဆောင်ရွက်ကြပါသည်။လူငယ်များသည် သက်ကြီးရွယ်အိုများအား သီတင်းကျွတ် တွင် ကန်တော့ခြင်း၊ဘုန်းကြီးကျောင်းများတွင်ဆီမီးပူဇော်ခြင်း ကန့်တော့ခြင်းများ ရှိကြပါသည်။

**(၄) တည်ငြိမ်အေးချမ်းမှု နှင့် ပြည်သူ့လုံခြုံရေး။။** ကျွန်တော်တို့ရွာ၏ လုံခြုံရေး အခြေအနေမှာ သတင်းအချက်အလက်ဖြန့်ဝေခြင်းနှင့် မူးခင်းကာကွယ်တားဆီးလျှော့ချရေး ရဲဘက်ဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းများ အားနည်းပါသည့်အတွက် တရားဥပဒေစိုးမိုးမှု လျော့နည်း ပါသည်။ကျေးရွာတွင် မူးယစ်ဆေးဝါးသုံးစွဲမှုများရှိသည့် အတွက် ကျေးရွာအတွက် အလွန်စိုးရိမ် ရပါသည်။

## (၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊အဟန့်အတား များ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ အကျဉ်းချုပ်

### (က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်သော အခြေအနေကောင်းများ အသင့် အတင့် ရှိပါသည်။ လူငယ်လူရွယ်များနှင့်ရွာသူရွာသားများသည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို တက်ကြွစွာပူးပေါင်းဆောင်ရွက်ကြပါသည်။ စိုက်ပျိုးရေးအတွက် လယ်ယာမြေများ ရှိပြီး မြေဩဇာအသင့်အတင့်ကောင်းမွန်ပါသည်။ ရေအရင်းအမြစ်ရရှိနိုင်သော ချောင်းများ ရှိပါသည်။ လမ်းမကြီးဘေးတွင် တည်ရှိသော ကျေးရွာဖြစ်သည့်အတွက် ဆက်သွယ်ရေး ကောင်းမွန် သော ကျေးရွာဖြစ်ပါသည်။

### (ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာအနီးတွင်ချောင်းရေများရှိသော်လည်း ရေကိုသိုလှောင်မထားနိုင်ခြင်းကြောင့် မိုးရေကို သာမှီခိုအားထား၍ စိုက်ပျိုးနေကြရပါသည်။ချောင်းရေကြီးချိန်တွင် ကျေးရွာတွင်း ရေဝင်ရောက်မှုများလည်းရှိပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နေရ သော်လည်း နည်းပညာ၊ ဗဟုသုတတတ်မြောက်မှု အားနည်းကြပါသည်။ မွေးမြူ ရေးလုပ်ငန်းများ ကို တိုးချဲ့လုပ်ဆောင်ရန် ချေးငွေမရှိပါ။ အလုပ်အကိုင် အခွင့်အလမ်းရှားပါးခြင်းကြောင့် စိုက်ပျိုးရာသီ ပြီးချိန်တွင် အခြားဒေသများသို့ သွားရောက်၍ ဝင်ငွေရှာဖွေကြရပါသည်။ စိုက်ပျိုး မွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်ရန် အခွင့်အလမ်းရှိသော်လည်း နည်းပညာ၊ ဗဟုသုတ၊ ချေးငွေ၊ ဈေးကွက်များလက်လှမ်း မမီခြင်းမှာလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားများ ဖြစ်နေပါသည်။ ထို့ပြင် မူးယစ်ဆေးဝါးသုံးစွဲသူများပြားလာခြင်းကြောင့် စားနပ်ရိက္ခာမဖူလုံခြင်း၊ ကူးစက်ရောဂါရရှိသူများပြားလာပြီး ဦးဆောင်နိုင်သော အမျိုးသားများ နည်းပါးလာခြင်းကြောင့် မြေယာမဲ့ ဆင်းရဲသားတောင်သူများ၊ လက်လုပ်လက်စား ကျပန်းများနှင့် အမျိုးသမီး ဦးဆောင်သည့်

ဆင်းရဲသားအိမ်ထောင်စုများ၊ လှည့်လည်သွားလာ၍ ဈေးရောင်းရသူများ ပေါ်များလာခြင်းသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအဟန့်အတားများ ဖြစ်နေပါသည်။

## (၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ

### (က) ရည်မှန်းချက် ပန်းတိုင်

ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာများကို ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်တွင် ရေးဆွဲထားပါသည်။ ကျွန်တော်တို့ ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသည့် ကျေးရွာဖြစ်သည့် အားလျော်စွာ နောင်ငါးနှစ်အတွင်း လုပ်ကိုင် ဆောင်ရွက်သွားမည့် ရည်မှန်းချက်ပန်းတိုင်များနှင့် နည်းဗျူဟာများကို စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အသေးစား၊ အလတ်စား ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်လာစေရန် အောက်ပါအတိုင်း ချမှတ်ခဲ့ပါသည်။

က၊၁) စိုက်ပျိုးထုတ်ကုန်များတိုးတက်ထုတ်လုပ်ခြင်း၊ မွေးမြူရေးတိရိစ္ဆာန်များ တိုးတက်မွေးမြူ ခြင်း၊ တစ်နိုင်တစ်ပိုင် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများ တိုးချဲ့ လုပ်ကိုင်ခြင်း အားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများပေါ်များလာပြီး မိသားစု ဝင်ငွေတိုးလာစေရမည်။

က၊၂) အခြေခံ ပညာရေး၊ ကျန်းမာရေး၊ သန့်ရှင်းသောသောက်သုံးရေ နှင့် လူမှုအခြေခံ အဆောက်အဦးများ လက်လှမ်းမီ တိုးတက်လာပြီး ကျေးရွာလူထု၏ လူမှုဘဝအဆင့်အတန်း ပိုမိုတိုးတက်လာ စေရမည်။

### (ခ) ဖွံ့ဖြိုးရေးဗျူဟာ

ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာ အတွင်း အဟန့်အတားများ၊ စိန်ခေါ်မှုများ ကိုကျော်လွှားနိုင်ရန် ဖွံ့ဖြိုးရေးကို အထောက်အကူ ဖြစ်စေသော အလားအလာ အထောက်အပံ့များကို အသုံးချ၍ အောက်ပါဖွံ့ဖြိုးရေးဗျူဟာများကို သက်ဆိုင်ရာဌာနများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာလူထု များ ပူးပေါင်းပါဝင်ခြင်းဖြင့် ဖော်ထုတ် ထားပါ သည်။

(၁) ကျေးရွာ၏စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာစေရန် ဆည်မြောင်းဦးစီးဌာနနှင့် ချိတ်ဆက်၍ စိုက်ပျိုးရေ တစ်နှစ်ပတ်လုံး လုံလောက်စွာရရှိရန် ချိတ်ဆက်ဆောင်ရွက်ရမည်။ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနနှင့်ချိတ်ဆက်၍ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ခြင်းနည်းပညာများ၊ ဘက်စုံပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းများ၊ မြေဆီလွှာနှင့်မြေသြဇာ အသုံးပြုနည်းများစသော စိုက်ပျိုးရေးနည်းပညာများကို ချိတ်ဆက်ရယူသွားရမည်။ အာမခံချက်ရှိသော သီးနှံထုတ်ကုန်ဈေးနှုန်းများရရှိရန် မြို့နယ်သီးနှံကုန်သည်များ၊ လုပ်ငန်းရှင်များနှင့်

ချိတ်ဆက်လုပ်ဆောင်သွားရမည်။ မြို့နယ်တိရိစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများအတွက် အခြေခံမွေးမြူရေးနည်းပညာနှင့် ကာကွယ်ဆေး ကုသဆေးများလက်လှမ်းမီရန် လုပ်ဆောင်သွားရန်ဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ချေးငွေအစီအစဉ်များနှင့် ချိတ်ဆက်ခြင်းများ ပြုလုပ်သွားရမည်။

(၂) ကျေးရွာ၏ ပညာရေးတက်မြောက်မှုတိုးတက်လာစေရန် မိဘဆရာပူးပေါင်း၍ ဆောင်ရွက်ခြင်း၊ သင်ကြားရေးအထောက်အကူပြုများ ဖြည့်ဆည်းခြင်း၊ ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း၊ ဆရာဆရာမများ ပြည့်စုံအောင် ဆောင်ရွက်ခြင်း၊ ပြုလုပ်သွားမည်။ တစ်ကိုယ်ရေကျန်းမာရေး စောင့်ရှောက်မှုအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှု နှင့် ဝန်ဆောင်မှုများ ချိတ်ဆက်ခြင်း၊ တစ်နှစ်ပတ်လုံး ရေရရှိအောင် တွင်းနက်တူးဖော်ခြင်းလုပ်ငန်းများတည်ဆောက်ခြင်းတို့ကို လုပ်ဆောင်ကြရပါမည်။ ထို့အပြင် လူငယ်များစာပေဗဟုသုတလက်လှမ်းမီရန် စာဖတ်အလေ့ အကျင့်ဖြစ်လာစေရန် စာကြည့်တိုက် အသင်းများဖွဲ့စည်းခြင်း၊ စာအုပ်စာပေများ လက်လှမ်းမှီရန် ပြန်/ဆက်ဌာနများနှင့်ချိတ်ဆက်ခြင်း၊ စာပေဟောပြောပွဲ၊ ဆွေးနွေးပွဲများဖန်တီး ပေးခြင်း၊ လူငယ်စွမ်းရည် မြှင့်တင်ရေး လုပ်ငန်းများမိတ်ဆက်ပေးခြင်း၊ စာဖတ်ရန်အလေ့အထ ထွန်းကားရန် အသိနှိုးဆော်ခြင်း၊ လူငယ်များအား အားကစားလှုပ်ရှားမှုများလက်လှမ်းမီရန် ဖန်တီးပေးရန် တို့ဖြစ်ပါသည်။ ပညာရေး၊ ကျန်းမာရေးနှင့် ကူးသန်းသွားလာရေးအတွက် ကျေးရွာတွင်းလမ်း၊ ချဉ်းကပ်လမ်းနှင့် ရွာချင်းဆက်လမ်းများကို အဆင့်မြှင့်တင်ခြင်း၊ တံတားများတည်ဆောက်ခြင်၊ ကျေးရွာ၏ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးလာစေရမည်။

**(၇)။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ**

ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင် မဖြေရှင်းနိုင်သော ပြဿနာများအတွက် နိုင်ငံတော် အဆင့်မှ မူဝါဒဆိုင်ရာ အရေးထားဆောင်ရွက်မှုနှင့် အစီအစဉ်ကျသော ပံ့ပိုးမှုများအပြင် ဒေသအဆင့်၊ မြို့နယ် အဆင့်တို့မှ အစီအစဉ်ကျသော ထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများ လုပ်ဆောင်နိုင်ရန် ရည်ညွှန်း ပါသည်။

(က) ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသောကျေးရွာတစ်ရွာဖြစ်သည့်အတွက် စိုက်ပျိုး ရေ လုံလောက်စွာရရှိရေးသည် စိုက်ပျိုးထုတ်လုပ်မှုနှင့် အထွက်နှုန်းတိုးတက်ရန်အတွက် များစွာ အရေး ကြီးပါသည်။ စိုက်ပျိုးရေလုံလောက်ရန် ငွေကြေး၊ နည်းပညာများကို ဆည်မြောင်းဌာန၊ အခြား သက်ဆိုင်ရာ ဌာနများမှ လိုအပ်သော နည်းပညာ၊ ငွေကြေးပံ့ပိုးနိုင်ရန် မူဝါဒများ၊ အစီအစဉ်များ ချမှတ်ရန် လိုအပ်မည်။ ထို့အပြင် ပိုးမွှားရောဂါကျရောက်ခြင်း၊ မျိုးကောင်းမျိုးသန့်များ မသုံးနိုင်ခြင်း များကြောင့် နှစ်စဉ်နှစ်တိုင်း အထွက်နှုန်း ကျဆင်း လာပါသည်။ စိုက်ပျိုးရေးပညာပေးဌာနတွင် ဝန်ထမ်းမလုံ လောက်ခြင်း၊ ဘတ်ဂျက်မပြည့်စုံခြင်း၊ ကွင်းပုံမှန် မဆင်းနိုင်ခြင်းများသည် အကြောင်း တစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့် မူဝါဒများ၊ ဘတ်ဂျက်များကို ဒေသ လိုအပ်ချက်များကို အခြေခံ၍

ရေးဆွဲပြီး၊ ကျွမ်းကျင်ဝန်ထမ်းများ ဖြည့်ဆည်းခန့်ထားရေး၊ လုံလောက်သော ဘတ်ဂျက်လျာထားချက် များထားရှိခြင်း များကို လုပ်ဆောင်သင့် ပါသည်။

(ခ) ကျေးရွာသူ/သားများသည် မိသားစုတစ်နိုင်တစ်ပိုင်ဝင်ငွေတိုးရန် အသေးစားမွေးမြူရေး လုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် ရင်းနှီးနိုင်ခြင်းမရှိပါ။ အခြေခံမွေးမြူရေးစောင့်ရှောက်မှုများ မရရှိကြပါ။ တစ်နိုင်တစ်ပိုင်မွေးမြူရေးချေးငွေအစီအစဉ်များ ဆိုင်ရာမူဝါဒများ ချမှတ်သင့်ပါသည်။

(ဂ) ကျေးလက်ဒေသရှိ လူထုများ၏ အခြေခံလိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာရေးဆိုင်ရာ မူဝါဒများကိုလည်း ထိရောက်စွာလုပ်ဆောင်သင့်ပါသည်။ အောက်ခြေတွင် လိုအပ်သော အခြေခံကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ်များ၊ ပညာရေးအခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးနိုင်ရန် ဘတ်ဂျက်ခွဲဝေခြင်းကို ပိုမိုတိုးမြှင့် လုပ်ဆောင်ရပါမည်။ ပညာရေး တတ်မြောက်မှုကို တိုးမြှင့်လုပ်ဆောင်နိုင်ရန် ပညာရေး ဆိုင်ရာ အခြေခံအဆောက်အဦများ ဖြည့် ဆည်းပေးရန် လိုပါမည်။

(ဃ) ကျေးရွာတွင် အမျိုးမျိုးသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကျေးရွာ အခြေပြုအသေးစား စီးပွားရေးလုပ်ငန်း များ ရင်းနှီးလည်ပတ်နိုင်ရန် အဆင်ပြေသော လက်လှမ်း မီနိုင်သော ဘဏ်လုပ်ငန်းများ၊ ချေးငွေ စနစ်များ လိုအပ်ပါသည်။ ထို့အပြင် ကျေးရွာအခြေခံ တစ်နိုင် တစ်ပိုင် စီးပွားရေးလုပ်ငန်း များ တိုးမြှင့် လုပ်ဆောင် နိုင်ရန် အခြေခံကျွမ်းကျင်မှုသင်တန်းများ၊ တန်ဖိုးမြှင့် ထုတ်ကုန်လုပ်ငန်းများ လုပ်ဆောင်ရန် မူဝါဒများ ချမှတ် လုပ်ဆောင်ရန်လိုပါမည်။

## (၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

### (က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်းငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေးနည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာအတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူ စေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို

ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း**

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၎င်းတို့နှင့်သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classify–cation သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်း များဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

**(၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)**

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ – စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည် ဖြင့် ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

**(၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)**

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်းဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ–လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ – ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

**(ဂ) ဦးစားပေးစီမံချက်များ**

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့် သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ /သားကိုယ်စား ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များမှ ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။

အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ဦးစားပေးစီမံချက်များ

| ကဏ္ဍ | စီမံချက် | ရ မှတ် | ဦးစားပေးအဆင့် | စီမံကိန်းရှင်းလင်းချက် | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ အခြေခံ အဆောက်အဦ | ၁။ကျေးရွာချင်းဆက်ကျောက်ချောလမ်းခင်းခြင်း | ၆၀ | ၂ | | |
| | ၂။ အောင်သာကုန်းကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း | ၅၉ | ၃ | | |
| ၂။ ပညာရေး | ၃။ အ.မ.က ကျောင်းဆောင်သစ်ဆောက်လုပ်လိုခြင်း | ၆၈ | ၁ | | |
| ၃။ လူငယ် နှင့် အားကစား | ၄။ စာကြည့်တိုက် တည်ဆောက်ခြင်း | ၅၃ | ၄ | | |

## (ဃ) အကောင်အထည်ဖော် မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက် | ဦးစားပေးအဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|---|
| ၁ | လမ်းပန်းဆက်သွယ်ရေး တိုးတက်အောင်ဆောင်ရွက်ခြင်း<br>• မြေသားလမ်းမှ ကျောက် ခင်းလမ်း<br>• ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း | ၂<br>၃ | | | | | ✓<br>✓ |
| ၂ | ပညာရေးဖွံ့ဖြိုးတိုးတက်လာစေရန်<br>• ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း | ၁ | | | | ✓ | |
| ၃ | လူငယ် နှင့် အားကစားတိုးတက်အောင်ဆောင်ရွက်ခြင်း<br>• စာကြည့်တိုက်ဆောက်လုပ်ခြင်း | ၆ | | | | | ✓ |

## (ဇ) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ဘတ်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဘတ်ဂျက်ကို အစီအစဉ် ရေးဆွဲချိန်တွင် ကုန်ကျစရိတ်ကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ အမှန်တကယ်ကုန်ကျနိုင်မည့် ဘတ်ဂျက်ကို သက်ဆိုင်ရာဌာနများ၊ ပြင်ပအဖွဲ့အစည်းများများမှ နည်းပညာနှင့် ငွေကြေးအကူအညီများရယူ၍ ပြန်လည်တွက်ချက်သွားရန် လိုအပ်ပါမည်။ ဖော်ပြပါ ဘတ်ဂျက်အစီအစဉ်တွင် ကျေးရွာလူထုမှ ထည့်ဝင်သော လုပ်သား အင်အား၊ လုပ်ငန်းသုံးကိရိယာများ၊ ပူးပေါင်းပါဝင်သော အချိန်များကို ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ။

**စီမံချက် ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံး စရိတ် | | လူသားချင်းစာနာမှုအထောက်အပံ့ |
| | | | | ငွေလုံးငွေရင်း | စွမ်းဆောင် ရည်မြှင့်တင်ရေး | |
| ၁ | လမ်းပန်းဆက်သွယ်ရေးတိုးတက်အောင် ဆောင်ရွက်ခြင်း<br>• မြေသားလမ်းမှ ကျောက် ခင်းလမ်း | | | ✓ | | |

| | | | | | | |
|---|---|---|---|---|---|---|
| | • ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း | | | | | |
| ၂ | ပညာရေးဖွံ့ဖြိုးတိုးတက်လာစေရန် • ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း | | | ✓ | | |
| ၃ | လူငယ် နှင့် အားကစားတိုးတက်အောင် ဆောင်ရွက်ခြင်း • စာကြည့်တိုက်ဆောက်လုပ်ခြင်း | | | ✓ | | |

## (၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံချက်လုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေ အပ်နှင်း၍ သက်ဆိုင်ရာစီမံချက်များ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်း သည် ကျေးရွာ မူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန်တာဝန်ယူ ဆောင်ရွက် စေ၍ လယ်သမား အဖွဲ့က ကျေးရွာ လယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်း လုပ်ငန်းကို တာဝန် ယူ ဆောင်ရွက် စေခြင်း ဖြစ်ပါသည်။

### (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံချက်များ အကောင်အထည်ဖော်ရာ တွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့များကိုလည်း ရှာဖွေ ဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ် နိုင်သော အကူအညီများ ရယူဆောင် ရွက်ရန် ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြားမှု အရည်အသွေး တိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ် ပညာရေး ဌာနနှင့် ချိတ်ဆက် ညှိနှိုင်း ဆောင်ရွက် ရပါမည်။ လယ်သမား အဖွဲ့ အစည်း ကလည်း လယ်ယာ ကုန်ထုတ် လုပ်ငန်း အထောက် အကူပြုလမ်း အဆင့်မြှင့် တင်ရန် မြို့နယ်ဆောက်လုပ် ရေး ဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူ အညီများရယူရပါမည်။

### (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံချက်လုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါ အဖွဲ့ အစည်း/ ပုဂ္ဂိုလ် များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ( နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီး ကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီး ကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

### (ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့ အစည်း ဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်း တို့ဆောင် ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့် ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်း ကမ်း များ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီ၊ အဖွဲ့ အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတား ပြုပြင်ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘ ဆရာအသင်း စသည်ဖြင့် ဆောင် ရွက်ပါမည်။

## ၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေ အနေ များအား စနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ် စစ်ဆေး အကဲ ဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။

သို့မှသာ ရည်ရွယ် သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် အကောင် အထည် ဖေါ်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ် စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ ၊ အိမ်ထောင်စု များ တက်ကြွစွာ အတူပူးပေါင်း ဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်း များတည် ဆောက်ပါမည်။

## (က) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်း ဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ် စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ် ဆေး ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူ ဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေး သုံးသပ် ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်း အချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator) များ ဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့ အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report) ကို ရွာလူထု အစည်း အဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃) လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည် ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖေါ်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင် သင့် သော အဆို ပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်း ယှဉ်၍)၊
- (၃) လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသား နှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့ နေရသော အခက်အခဲ များ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဌနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါ အချက်များကိုအဓိကထားဖေါ်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင် ကျော်လွှား မှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက် မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

### (ခ) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှု အခြေအနေကို ဘက်စုံ ရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ် ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ–

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့
- မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)
- သတင်းမီဒီယာများ
- ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြား ပါဝင်သက်ဆိုင် သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်း ကိုလည်းရရှိပါမည်။ ဤအကြံပြုချက် များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

### (ဂ) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့ အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

## ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတား နှင့် စိန်ခေါ်မှု | ဖြေရှင်းရမည့် နည်းလမ်း | အဆိုပြုစီမံချက် နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁။ | • ရွာတွင်းလမ်းများ သွားလာရာတွင် အန္တရာယ်ဖြစ်ခြင်း | • **မြေသားလမ်းဖြစ်ခြင်း**<br>• **နွေမိုးဆောင်းသွားလာ၍မရခြင်း** | • သဲ၊ ကျောက် ရနိုင်ခြင်း<br>• လုပ်အားပေးနိုင်ခြင်း<br>• လုပ်အားပါဝင်ကူညီနိုင်ခြင်း | • ငွေကြေးမတတ်နိုင်ကြခြင်း<br>• နည်းပညာ အားနည်းခြင်း<br>• လမ်းပြုပြင်ဆောင်ရွက်ရန် ယန္တရားငှါးရမ်းခမရှိခြင်း | • ကျေးလက်ဦးစီးဌာန နှင့် ချိတ် ဆက်၍ ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ခြင်း<br>  • ကျေးရွာမှ သဲ၊ ကျောက်၊ လုပ်အားများ ပူးပေါင်းထည့်ဝင်ခြင်း<br>  • မြေသားလမ်းမှ ကျောက် ခင်းလမ်း<br>  • တံတားတည်ဆောက်ခြင်း | • လမ်းပန်းဆက်သွယ်ရေး တိုးတက်အောင် ဆောင်ရွက်ခြင်း<br>  • မြေသားလမ်းမှ ကျောက် ခင်းလမ်းခင်းခြင်း |

| | | | | | | |
|---|---|---|---|---|---|---|
| ၂ | • ပညာသင်ကြားရာတွင် ကျောင်းသူကျောင်းသားများ အခက်အခဲရှိခြင်း | • အခြားကျေးရွာများသို့ သွား၍ ကျောင်းတက်ရခြင်း | • ကျောင်းသားအင်အားမျ ားခြင်း | • ငွေကြေးမတတ်နိုင်ကြခြင်း<br>• နည်းပညာ အားနည်းခြင်း<br>• ဌာနများတွင် ဘတ်ဂျက် အကန့်အသတ်ရှိခြင်း | • ပညာရေးဦးစီးဌာန နှင့် ချိတ်ဆက်၍ဆွေးနွေး ညှိနှိုင်းဆောင်ရွက်ခြင်း<br>• ကျေးရွာမှ သဲ၊ ကျောက်၊ လုပ်အားများ ပူးပေါင်းထည့်ဝင်ခြင်း<br>• ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း | • ပညာရေးတိုးတက် ကောင်းမွန်အောင် ဆောင်ရွက်ခြင်း<br>• မူလတန်းကျောင်းေ ောင်သစ် ဆောက်လုပ်ခြင်း |
| ၃။ | • စာကြည့်တိုက်မရှိခြင်း | • စာပေဗဟုသုတနည်းပ ါးခြင်း | • မြေနေရာရရှိခြင်း<br>• လုပ်အားရှိခြင် | • ငွေကြေးမတတ်နိုင်ကြခြင်း | • ကျေးလက်ဌာန၏ ပံ့ပိုးမှုဖြင့် ကျေးရွာသူ/သားများ ပူးပေါင်းဆောင်ရွက်ခြ င်း | • စာကြည့်တိုက်တည် ဆောက်ခြင်း |

အောင်သာကုန်းကျေးရွာ၊ ကင်းမြင်သာ ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးမင်းမင်းထွန်း | ဦးတင်မြ | ၅/ဝသဿန(နိုင်)ဝ၅၆၇၉၇ | ၂၈ | ဥက္ကဋ္ဌ | ဝ၉-၂၅၆၂၇၁၅၆၃ |
| ၂ | ဦးနှင်းကိုကို | ဦးသန်းမြ | ၅/ဝသဿန(နိုင်ဝ၅၉၅၃၉ | ၂၇ | အတွင်းရေးမှူး | |
| ၃ | ဦးလှညို | ဦးဟန် | ၅/ဝသဿန(နိုင်)ဝဝ၂၉၁၇ | ၄၆ | စာရင်းကိုင် | |
| ၄ | ဦးနိုင်ဇင်ထွန်း | ဦးလှဝင်း | ၅/ဝသဿန(နိုင်)ဝ၄၇၁၃၆ | ၃၄ | ငွေကိုင် | ဝ၉-၄၅၆ဝ၃၈၄၂၄ |
| ၅ | ဦးစံမောင် | ဦးနက်ကျော် | ၅/ဝသဿန(နိုင်)ဝ၁၂၈၁၅ | ၅၅ | သော့ကိုင် | ဝ၉-၂၅၈၄၆ဝ၈၅၆ |
| ၆ | ဦးလှမို | ဦးဟန် | ၅/ဝသဿန(နိုင်)ဝ၁၂၈၃၆ | ၄၈ | အဖွဲ့ဝင် | |
| ၇ | ဦးဇာနည်အောင် | ဦးနွားမောင် | ၅/ဝသဿန(နိုင်)ဝ၄၁၈၂၈ | ၃၇ | အဖွဲ့ဝင် | |
| ၈ | ဦးကျော်ဇင်ဝင်း | ဦးသန်းထွန်း | ၅/ဝသဿန(နိုင်)ဝ၅၉၅၃၆ | ၂၅ | အဖွဲ့ဝင် | |
| ၉ | ဦးအောင်ကိုမင်း | ဦးစောမောင် | ၅/ဝသဿန(နိုင်)ဝ၄၁၈၄၄ | ၃၇ | အဖွဲ့ဝင် | |

## ရည်ညွှန်းချက်များ

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း လမ်းညွှန်စာအုပ်၊ ၂၀၁၅၊ မေ၊

၂။ ကျေးရွာ၏ လူမှုစီးပွားရေးအထောက်အကူပြု ဇယားများ

## အပိုင်း(ခ) စီမံချက်ဆိုင်ရာ အချက်အလက်များ

## စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

| | |
|---|---|
| ကျေးရွာ | – အောင်သာကုန်းကျေးရွာ |
| ကျေးရွာအုပ်စု | – ကင်းမြင်သာကျေးရွာအုပ်စု |
| မြို့နယ် | – ဝန်းသိုမြို့နယ် |
| တိုင်းဒေသကြီး / ပြည်နယ် | – စစ်ကိုင်းတိုင်းဒေသကြီး |

စီမံချက်အမည် –

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူး များ)

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|
| • ၁၀၀ သိန်း(ငွေသား) | • ကျေးလက်ဦးစီး |
| • (ငွေသား) | • ကျေးရွာ |
| • ……………………….(ပစ္စည်း/လုပ်အား) | • ကျေးရွာ |
| • | • |

| **အကျိုးခံစားသူဦးရေ** | **လူဦးရေ** | | | **ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)** | | | | |
|---|---|---|---|---|---|---|---|---|
| | **ကျား** | **မ** | **ပေါင်း** | **၁** | **၂** | **၃** | **၄** | **ပေါင်း** |
| **ကျေးရွာအဆင့်** | ၁၀၁ | ၈၇ | ၁၈၈ | ၉ | ၁၂ | ၁၉ | - | ၄၂ |
| **အကျိုးခံစားမည့် ဦးရေ** | ၁၀၁ | ၈၇ | ၁၈၈ | ၉ | ၁၂ | ၁၉ | - | ၄၂ |

မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| (၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)၊ အကောင်ထည်ဖော်မည့်စနစ် |
| (၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း ၂၀၁၈ –၂၀၁၉ |
| (၃) စီမံချက်ပြီးစီးမည့်အချိန် ၂၀၂၀– ၂၀၂၁ |
| (၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် |
| (၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ |